# Outline of the Messages
# for the Thanksgiving Day Conference
# November 24-27, 2022

## GENERAL SUBJECT:
## ဘုရားဆိုင်ရာစီမံကိန်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း

Message One

### ကိုယ်တော်၏ ဘုရားဆိုင်ရာ စီမံကိန်းပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့အထဲသို့ ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးမှုတဆင့် သုံးပါးတစ်ပါးဘုရား၏ ထာဝရဆိုင်ရာ ကောင်းချီးမင်္ဂလာ

ဖတ်ရန်ကျမ်း။ ။ စာရင်း၊ ၆း ၂၂–၂၇။ ၂ကော၊ ၁၃း၁၄။ ဗျာ၊ ၂၂း၁–၂

**I. စကြဝဠာတစ်ခုလုံး၌ တုနှိုင်းရာမရှိသော ကောင်းချီးမင်္ဂလာမှာ သုံးပါးတစ်ပါးဘုရားဖြစ်ပြီး၊ ဤကောင်းချီးမင်္ဂလာသည် ကိုယ်တော်၏ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံစေရန် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အထဲသို့ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းမှတဆင့် ကျွန်ုပ်တို့ထံ ရောက်လာခြင်းဖြစ်သည်။**

က။ ဘုရားသခင်၏ ထာဝရစီမံကိန်းမှာ ကိုယ်တော်၏ အိမ်ထောင်စု စီမံခန့်ခွဲခြင်းဖြစ်၍၊ ယင်းမှာ ကိုယ်တော်သည် ခရစ်တော်၌ သူကိုယ်တော်တိုင်ကို သူရွေးချယ်ထားသော လူများအထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်သည်။ ဤသို့ဖြင့် ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို ထင်ရှားရန်အတွက် အိမ်ကို ရရှိမည်ဖြစ်သည်။ ထိုအိမ်သည် အသင်းတော်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော် ဖြစ်သည်။ ဘုရားသခင်၏ ထာဝရစီမံကိန်းသည် သူ၏ ထာဝရအကြံအစည်တော်ဖြစ်ပြီး၊ ကိုယ်တော်၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းသည် နည်းလမ်းဖြစ်ကာ ထိုနည်းလမ်းအားဖြင့် ကိုယ်တော်သည် သူ၏ အကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေသည်–၁တိ၊ ၁း၃–၄။ ၃း၁၅။ ရော၊ ၁၂း၅။ ဧ၊ ၁း၁၀။ ၃း၈–၉။ ၂း၁၀။

ခ။ ဘုရားသခင်၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းနှင့် ခရစ်တော်၏ နိုင်ငံတော်ကို ကြိုဆိုနေရာချပေးရန် ခရစ်တော်၏ သတို့သမီးအား ပြင်ဆင်ခြင်းအတွက် ယုံကြည်သူများအား ဦးခေါင်းတော်အရာ၌ မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်စေသည်၊ ဤရည်ရွယ်ချက်အတွက် ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူဖြစ်စေရန် လူတစ်ဦး ဖြစ်လာခဲ့ပြီး၊ ထို့နောက် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရားဖြစ်စေရန် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးသည်။

ဂ။ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်၏ရွေးချယ်ထားသော လူများအထဲသို့ ကိုယ်တော်၏ ဘုရားဆိုင်ရာ သုံးပါးတစ်ပါး–ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်၌ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန် ဖြစ်သည်။ အချိန်၌ ဘုရားသခင်၏ တစ်ခုတည်းသော ပန်းတိုင်သည် ကျွန်ုပ်တို့အထဲသို့ တစ်နေ့ပြီးတစ်နေ့ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန် ဖြစ်သည်။

**II. စာရင်းတော်ဝင် ၆း ၂၂–၂၇ ၌ ယဇ်ပုရောဟိတ်များအားဖြင့် ကောင်းချီးမင်္ဂလာ၏ ပုံစံနမူနာကို ကျွန်ုပ်တို့မြင်ရကြသည်။ ဤကောင်းချီးမင်္ဂလာသည် ဓမ္မဟောင်း၏ ကောင်းချီးမင်္ဂလာမဟုတ်သကဲ့သို့ ဓမ္မသစ်၏ ကောင်းချီးမင်္ဂလာလည်းမဟုတ်ပေ။ သို့သော်၊ ၎င်းသည် သုံးပါးတစ်ပါးဘုရား၏ ထာဝရကောင်းချီးမင်္ဂလာ ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဘုရား၌ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးနေသော သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်ပင် ဖြစ်သည်။**

က။ “ယေဟောဝါသည် သင့်ကို ကောင်းချီးပေး၍ စောင့်မတော်မူပါစေသော” ဆိုသည်မှာ ခမည်းတော်အဖြစ် မှတ်ယူနိုင်သည်–အငယ်၊ ၂၄။

၁။ ခမည်းတော်သည် သူ၏မေတ္တာတော်၌ ကျွန်ုပ်တို့အား ပုံပန်းသဏ္ဍာန် အမျိုးမျိုးနှင့် နည်းလမ်းအသွယ်သွယ်ဖြင့် ကောင်းချီးပေးနေပြီး (ညွန်း၊ ဧ၊ ၁း၃)၊ သူ၏တန်ခိုးတော်၌ ကျွန်ုပ်တို့အား ပုံပန်းသဏ္ဍာန် အမျိုးမျိုးနှင့် နည်းလမ်း

အသွယ်သွယ်ဖြင့် စောင့်မနေသည် (ညွှန်း၊ ယော၊ ၁၇း၁၁၊ ၁၅)။

၂။ သခင်ဘုရားက ခမည်းတော်သည် ကိုယ်တော်၏ နာမ၌ ကျွန်ုပ်တို့အား စောင့်ထိန်းတော်မူမည့်အကြောင်း ဆုတောင်းခဲ့သည် (အငယ်၊၁၁)၊ ဤသည်မှာ သုံးပါးတစ်ပါးဘုရား၏ ဝေငှဖြန့်ဖြူးခြင်း၌ ကျွန်ုပ်တို့ကို စောင့်ထိန်းရန်ဖြစ်ပြီး၊ သခင်ယေရှုက ခမည်းတော်သည် ကျွန်ုပ်တို့အား ဆိုးညစ်သောသူ၏လက်မှ ကင်းလွတ်စေခြင်းငှာ စောင့်ထိန်းတော်မူမည့်အကြောင်း ဆက်လက်ဆုတောင်းခဲ့သည် (အငယ်၊၁၅)။

၃။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ဝေငှဖြန့်ဖြူးခြင်းနှင့် ဆိုးညစ်သောသူ၏ လက်မှ ကင်းလွတ်စေခြင်းငှာ လုံးလုံးစောင့်ထိန်းခံရခြင်း၏ ကောင်းချီးမင်္ဂလာအတွက် ဆုတောင်းသင့်ပါသည်။ ဤသည်မှာ ကောင်းချီးမင်္ဂလာတစ်ခုပင်ဖြစ်ပါသည်။

ခ။ "ယေဟောဝါသည် မျက်နှာတော်အလင်းကို သင့်အပေါ် ထွန်းလင်း၍၊ ကျေးဇူးပြုတော်မူပါစေသော" ဆိုသည်မှာ သားတော်ဟု မှတ်ယူနိုင်သည်– စာရင်း၊၆း၂၅။

၁။ ဇာခရိသည် သခင်ယေရှု မွေးဖွားခါနီး အချိန်ဖြစ်သော လု၊၁း၇၈ ၌ "တက်သောနေသည် အထက်မှ ငါတို့ထံသို့ အကြည့်အရှု ကြွလာသဖြင့်" ဟု ပရောဖက်ပြုခဲ့သည်။ တက်သောနေသည် ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၌ရှိသော သားတော်ဖြစ်ပြီး၊ ဤအရာက ဘုရားသခင်၏လူ့ဇာတိခံခြင်းသည် ထွန်းလင်းတောက်ပသော နည်းလမ်း၌ ကျွန်ုပ်တို့ထံ သူကိုယ်တော်တိုင်ကို ပြသရန်ဖြစ်ကြောင်း ညွှန်းဆိုထားသည်– မ၊ ၄း၁၆။ ယော၊ ၈း၁၂။

၂။ စာရင်းတော်ဝင် ၆း၂၅ ရှိ *မျက်နှာတော်* ဟူသောစကားလုံးမှာ မျက်မှောက်တော်ကို ပုံဆောင်သည်။ ကျွန်ုပ်တို့၌ မျက်နှာတော်အလင်းကိုလွတ်သော အရှင်အနေဖြင့် သားတော်ခရစ်တော်သည် မမြင်ရသော ဘုရားသခင်၏မြင်နိုင်သော မျက်မှောက်တော်ဖြစ်သည်– ၂ပေ၊ ၁း၁၆–၁၇။ မ၊၁၇း၁–၂။

၃။ စာရင်းတော်ဝင် ၆း၂၅ ၌ ယေဟောဝါသည် မျက်နှာတော်အလင်းကို ကျွန်ုပ်တို့အပေါ် ထွန်းလင်းစေကြောင်းကို ပြောထားသည်သာမက၊ ကျေးဇူးပြုတော်မူသော အကြောင်းကိုလည်း ပြောဆိုထားသည်။ ဤအချက်နှစ်ချက်သည် ထပ်တူညီပါသည် – ယော၊၁း၁၄၊ ၁၆–၁၇။

၄။ ဘုရားသခင်၏ လူ့ဇာတိခံခြင်းသည် ကိုယ်တော်၏မျက်မှောက်တော်ထွန်းလင်းခြင်းဖြစ်ပြီး၊ ဤထွန်းလင်းခြင်းနှင့်အတူ ကျေးဇူးတော် ရှိသည်။ ဤကျေးဇူးတော်သည် သခင်ယေရှု ခရစ်တော်၏ ကျေးဇူးတော်ဖြစ်ပြီး၊ အမှန်စင်စစ် ခရစ်တော်ကိုယ်တိုင်ပင် ဖြစ်သည်– ၂ကော၊ ၁၃း၁၄။

ဂ။ "ယေဟောဝါသည် သင့်ကိုမျှော်ကြည့်၍ ငြိမ်သက်ခြင်းပေးတော်မူပါစေသော" ဆိုသည်မှာ ဝိညာဉ်တော်ဟု မှတ်ယူနိုင်ပါသည် – စာရင်း၊၆း ၂၆။

၁။ *မျက်နှာ* ဆိုသည်မှာ ပုဂ္ဂိုလ်၏မျက်မှောက်ကို ဆိုလိုပြီး၊ *မျက်နှာထား* ဆိုသည်မှာ ပုဂ္ဂိုလ်၏ ထင်ရှားဖော်ပြမှုကို ဆိုလိုသည်။ ပုဂ္ဂိုလ်တစ်ဦးအပေါ် မျက်နှာမော်ကြည့်ခြင်းဆိုသည်မှာ ထိုပုဂ္ဂိုလ်အား ပို၍စွဲမြဲ ယုံကြည်စေခြင်း၊ ယုံကြည်စိတ်ချစေခြင်း၊ ကတိပြုခြင်းနှင့် အရာအားလုံးကို ပေးအပ်ခြင်းအား ဆိုလိုသည်။

၂။ ယေရှုသည် ဘုရားသခင်၏ မျက်နှာတော်အဖြစ် ကြွလာခဲ့ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ မျက်နှာထားအဖြစ် ကြွလာခဲ့သည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော့်အား ဝမ်းနည်းစေသည်ဆိုပါက ကိုယ်တော်၏ မျက်နှာထားသည် ငိုက်စိုက်ကျသွားလိမ့်မည်ဖြစ်သည် (ဧ၊ ၄း၃၀)၊ သို့သော်လည်း ကျွန်ုပ်တို့သည် ကိုယ်တော့်ကို နာခံခြင်းရှိပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် အတူဝမ်းမြောက်လိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့အား ခိုင်မာစေရန်၊ ယုံကြည်စေရန်၊ ယုံကြည်စိတ်ချစေရန်၊ ကတိပြုရန်နှင့် အရာအားလုံးကို ကျွန်ုပ်တို့အား ပေးရန် မျက်နှာမော်ကြည့်လိမ့်မည် ဖြစ်သည်။

**III. ၂ကော ၁၃း၁၄ ၌ရှိသော ကောင်းချီးမင်္ဂလာသည် စာရင်းတော်ဝင် ၆း၂၂–၂၇ ၌ရှိသော ကောင်းချီးမင်္ဂလာနှင့်တူညီသည်။ ဤသည်မှာ သုံးပါးတစ်ပါးဘုရား၏ ထာဝရကောင်းချီးမင်္ဂလာဖြစ်ပြီး၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဘုရား၌ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးနေသော သုံးပါးတစ်ပါးဘုရားကိုယ်တိုင်ပင် ဖြစ်သည်– "သခင်ယေရှုခရစ်၏ ကျေးဇူးတော်သည်လည်းကောင်း၊ ဘုရားသခင်၏ မေတ္တာတော်သည်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယတော်သည် လည်းကောင်း သင်တို့အပေါင်းနှင့် အတူ ရှိစေသတည်း"။**

က။ "ယေဟောဝါသည် သင့်ကို ကောင်းချီးပေး၍ စောင့်မတော်မူပါစေသော" ဟူသည်မှာ အသက်နှင့် အလင်း၏ စမ်းရေတွင်းတည်းဟူသော ခမည်းတော် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ ဖြစ်သည်– အငယ်၊၆း ၂၄။ ဆာလံ၊၃၆း၈–၉။

ခ။ "ယေဟောဝါသည် မျက်နှာတော်အလင်းကို သင့်အပေါ် ထွန်းလင်း၍၊ ကျေးဇူးပြုတော်မူပါစေသော" ဟူသည်မှာ ဘုရားသခင့်အိမ်တော်၏ ကြွယ်ဝခြင်းတည်းဟူသော ခရစ်တော်၏ကျေးဇူးတော် ဖြစ်သည်– စာရင်း၊၆း ၂၅။

ဂ။ “ယေဟောဝါသည် သင့်ကိုမျှော်ကြည့်၍ ငြိမ်သက်ခြင်း ပေးတော်မူပါစေသော” ဟူသည်မှာ ဘုရားသခင့်ဝမ်းမြောက်ခြင်း၏ မြစ်ရေတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ ဖြစ်သည်– အငယ်၊ ၂၆။

**IV. သခင်ဘုရား၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့ထံသို့ အသက်ဖြစ်သော သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည် (ယော၊ ၁း၁၇။ ၁ကော၊ ၁၅း၁၀)။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် သခင်ဘုရားကျေးဇူးတော်၏ အရင်းအမြစ်တည်းဟူသော ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည် (၁ယော၊ ၄း၈၊ ၁၆)။ ဝိညာဉ်တော်၏မိတ်သဟာယသည် ကျွန်ုပ်တို့ပါဝင်ဆက်ဆံနိုင်ရန်အတွက် ဘုရားသခင်၏မေတ္တာတော်နှင့်အတူ သခင်ဘုရား၏ကျေးဇူးတော်ကို လွှဲပြောင်းပေးပို့ခြင်း တည်းဟူသော ဝိညာဉ်တော် ကိုယ်တော်တိုင်ဖြစ်သည်–၂ကော၊ ၁၃း၁၄။**

က။ ၂ကော၊ ၁၃း၁၄ တွင် သခင်ဘုရား၏ကျေးဇူးတော်ကို ပထမဆုံး ဖော်ပြထားခြင်းမှာ ဤစာစောင်သည် ခရစ်တော်၏ ကျေးဇူးတော်ပေါ်တွင် အခြေပြုထားသောကြောင့် ဖြစ်သည်– ၁း၁၂။ ၄း၁၅ ။ ၆း၁။ ၈း၁၊ ၉။ ၉း၈၊ ၁၄။ ၁၂း၉။

ခ။ ခမည်းတော်၏ချစ်ခြင်းမေတ္တာနှင့်အတူ ခရစ်တော်၏ကျေးဇူးတော်ကို လွှဲပြောင်းပေးပို့ခြင်း၊ ပျံ့နှံ့ရောက်ရှိခြင်း တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာ၌ မစထောက်ပံ့မှုပင်ဖြစ်သည်။

၁။ အသင်းတော်အသက်တာ တစ်ခုလုံးသည် ၂ကော ၁၃း၁၄ ပေါ်တွင် မူတည်ပါသည်။

၂။ ၂ကော ၁၃း၁၄ တွင် ဖွင့်ပြထားခဲ့သော ကျွန်ုပ်တို့အတွင်းပိုင်းရှိ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ စီးကြောင်းသည် ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ သွေးခုန်နှုန်းဖြစ်သည်။

ဂ။ ၂ကော ၁၃း၁၄ ရှိ တမန်တော်ပေါလု၏ ကောင်းချီးမင်္ဂလာ၌ သုံးပါးတစ်ပါးဘုရားသည် လူတို့ထံသို့ သူတို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကြွလာခဲ့သည်၊ ပေါလုသည် လူတို့အား ဘုရားသခင်၏မျက်မှောက်တော်အထဲသို့ ခေါ်ဆောင်လာရုံသာမကဘဲ ဘုရားသခင်အားလည်း ထိုသူတို့အထဲသို့ ခေါ်ဆောင်လာခဲ့သည်။

၁။ တစ်ဘက်တွင် အခြားသူများအား ကောင်းချီးပေးရန် ဆိုသည်မှာ သူတို့အား ဘုရားသခင်၏မျက်မှောက်တော် အထဲသို့ ခေါ်ဆောင်ရန်ဖြစ်ပြီး၊ အခြားတစ်ဘက်တွင် ၎င်းသည် ဘုရားသခင်အား သူတို့အထဲသို့ ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတော်နှင့် မိတ်သဟာယအဖြစ် ယူဆောင်လာခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် တည်းဟူသော သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်။

၂။ ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတော်နှင့် မိတ်သဟာယသည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် ဘုရားသခင်၏ အဆင့်သုံးဆင့် ဖြစ်သည်– ချစ်ခြင်းမေတ္တာသည် အတွင်းပိုင်းဖြစ်ပြီး၊ ကျေးဇူးတော်သည် ချစ်ခြင်းမေတ္တာကို ထင်ရှားကာ၊ မိတ်သဟာယသည် ကျွန်ုပ်တို့အထဲသို့ ကျေးဇူးတော်၏ လွှဲပြောင်းပေးပို့ခြင်း ဖြစ်သည်။

၃။ ဘုရားသခင်သည် မူလအစဖြစ်သောကြောင့်၊ ဘုရားသခင်၏ မေတ္တာတော်သည် အရင်းအမြစ်ဖြစ်ကာ၊ သခင်ဘုရားသည် ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သောကြောင့်၊ သခင်ဘုရား၏ကျေးဇူးတော်သည် ဘုရားသခင့်မေတ္တာတော်၏ လမ်းကြောင်းဖြစ်သည်။ ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရား တည်းဟူသော ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် အတူ သူတို့၏ ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါများကို ကျွန်ုပ်တို့တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် အတွက် ဘုရားသခင်နှင့်အတူ သခင်ဘုရား၏ လွှဲပြောင်းပေးအပ်ခြင်း ဖြစ်သောကြောင့် ဝိညာဉ်တော်၏ မိတ်သဟာယသည် ဘုရားသခင်၏မေတ္တာတော်နှင့်အတူ သခင်ဘုရား၏ကျေးဇူးတော်ကို ဝေမျှထည့်သွင်းပေးခြင်း ဖြစ်သည်။

၄။ သန့်ရှင်းသောနှုတ်ကပတ်တော်၌ရှိသော သုံးပါးတစ်ပါးဘုရားဖြစ်ခြင်း၏ ဘုရားဆိုင်ရာဖွင့်ပြခြင်းသည် သီအိုလော်ဂျီဆိုင်ရာ လေ့လာမှုအတွက် မဟုတ်ဘဲ၊ ကိုယ်တော်၏နက်နဲခြင်း၌ရှိသော ဘုရားသခင်နှင့် အံ့သြဖွယ် သုံးပါးတစ်ပါးသည် သူကိုယ်တော်တိုင်ကို သူရွေးချယ်ထားသော လူများအထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းဖြင့်၊ ကိုယ်တော်၏ရွေးချယ်၊ ရွေးနုတ်ခံလူများသည် ကောရိန္သု ယုံကြည်သူများထံပေးသော တမန်တော်၏ ကောင်းချီးမင်္ဂလာ၌ ညွှန်ပြထားသည့်အတိုင်း အဆင့်ဆင့်တိုးတက်ပြောင်းလဲသော သုံးပါးတစ်ပါးဘုရားကို ယခုနှင့် ထာဝရ ကာလတိုင်အောင် ပါဝင်ဆက်ဆံနိုင်ကြောင်း၊ တွေ့ကြုံခံစား၊ မွေ့လျော်ဝမ်းမြောက်ပိုင်ဆိုင်နိုင်ကြောင်းကို ပိုင်းခြားနားလည်ရန်အတွက် ဖြစ်ကြောင်း ဖော်ပြထားသည့် အဖြစ်အပျက် ဖြစ်သည်။ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်၍ အတွင်းပိုင်း ပျံ့နှံ့ခြင်းဖြစ်သည့် သုံးပါးတစ်ပါးဘုရားကို တစ်နေ့ပြီးတစ်နေ့ မွေ့လျော်ဝမ်းမြောက်ပြီး ကောင်းချီးပေးခြင်းခံရမည် ဖြစ်သည်။ သို့မှသာ ယေရှု၏ စုပေါင်းထင်ရှားခြင်း၊ ယေရှု၏သက်သေခံချက်ကိုရရှိရန် တည်းဟူသော ဘုရားသခင်၏ စိတ်နှလုံးတော် အလိုဆန္ဒပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် ကိုယ်တော့်အား စကြဝဠာ၏ တုနှိုင်းရာမဲ့ ကောင်းချီးမင်္ဂလာအဖြစ် အခြားသူများအထဲသို့ ဝေငှဖြန့်ဖြူးနိုင်မည်ဖြစ်သည်– အငယ်၊ ၁၄။ ဂလ၊ ၃း၁၄။ က၊ ၁၂း၂။ ဖိ၊ ၁း၂၅။ ဗျာ၊ ၁း၂၊ ၉–၁၂။

**V. ယေရုရှလင်မြို့သစ်၌ “တစ်ဖန် ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်ထဲက**

**ထွက်သော အသက်ရေစီးရာမြစ်သည် မြို့လမ်းမ အလယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အား ပြလေ၏။ ထိုမြစ်၏ တစ်ဖက်တစ်ချက်၌ အသက်ပင်ရှိ၏''– ဗျာ၊ ၂၂း၁–၂က။**

က။ ထာဝရကာလ၌ ပလ္လင်တော်ပေါ်တွင် ထိုင်နေတော်မူသော ဘုရားသခင်သည် သိုးသငယ်–ဘုရားသခင် ဖြစ်သော၊ ကျွန်ုပ်တို့ကို ရွေးနုတ်သော ဘုရားသခင်ဖြစ်၍၊ ကိုယ်တော်၏ ပလ္လင်တော်မှ ကျွန်ုပ်တို့၏ မစရာနှင့် ကျေနပ်နှစ်သိမ့်ရာအတွက် အသက်ပင်နှင့်အတူ အသက်မြစ်ရေ စီးဆင်းလာသည်။

ခ။ မီးခွက်တည်းဟူသော သိုးသငယ်သည် ဘုရားသခင်၏ ဘုန်းတော်ဖြင့်လည်းကောင်း၊ ဘုရား၏အလင်း ထင်ရှားခြင်းဖြင့်လည်းကောင်း၊ မြို့တော်၌ ဘုရားသခင်နှင့်အတူ အလင်းအဖြစ် ထွန်းလင်းတော်မူမည်ဖြစ်သည်– ၂၁း၂၃။ ၂၂း၅။

ဂ။ ဘုရားသခင်၊ သိုးသငယ်နှင့် အသက်ရေအားဖြင့် အမှတ်သင်္ကေတပြုသော ဝိညာဉ်တော်သည် ထာဝရအတွက် ဦးခေါင်းတော် (ပလ္လင်တော်၏ အခွင့်အာဏာကို ရည်ညွှန်းခြင်း) အောက်၌ရှိသော ရွေးနုတ်ခံများအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးနေကြောင်းကို ဖော်ပြသည်။

ဃ။ ယေရုရှလင်မြို့သစ်၏ မြို့လမ်းမသည် ရွှေစင်ဖြစ်၍ (၂၁း၂၁)၊ အသက်ရေစီးရာမြစ်သည် မြို့လမ်းမအလယ်တစ်လျှောက် စီးဆင်းသည် (၂၂း၁)၊ ရွှေသည် ဘုရားသခင်၏သဘောသဘာဝ၏ အမှတ်သင်္ကေတဖြစ်သောကြောင့်၊ ဘုရားသခင်၏ရွေးနုတ်ခံလူများ၏ နေ့စဉ်အသက်တာအတွက် တုနှိုင်းရာမရှိသော နည်းလမ်းအဖြစ် ဘုရားဆိုင်ရာအသက်သည် ဘုရားဆိုင်ရာသဘောသဘာဝ၌ စီးဆင်းနေသည်ကို ကျွန်ုပ်တို့ မြင်နိုင်ပါသည်။

င။ သမ္မာကျမ်းစာ မှတ်တမ်းတစ်ခုလုံး၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော ယေရုရှလင်မြို့သစ်မှာ ကိုယ်တော်၏ဘုရားဆိုင်ရာ သုံးပါးတစ်ပါး – ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော် – ၌ ဘုရားသခင်သည် ကိုယ်တော်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်တစ်ဖန်မွေးဖွားခြင်းခံသော၊ ပုံသဏ္ဌာန်ပြောင်းလဲသော၊ ဘုန်းဝင်စားခြင်းရှိသောလူများနှင့်အတူ သူတို့၏ ထာဝရကောင်းချီးမင်္ဂလာအဖြစ် ပေါင်းစည်းခြင်း၊ ရောနှောခြင်းနှင့် စုပေါင်းထားခြင်းပင်ဖြစ်သည်။ ထိုကောင်းချီးမင်္ဂလာသည် စာရင်းတော်ဝင် ဖ ၌ အစ္စရေးလူမျိုးများထံသို့ ဘုရားသခင့်ကောင်းချီးမင်္ဂလာ၏ အဆုံးစွန်ပြည့်စုံစေခြင်းပင် ဖြစ်သည်– ညွှန်း၊ ဗျာ၊ ၂၁း၃၊ ၁၂၊ ၁၄၊ ၂၂။ ၂၂း၁–၂။

**VI. ''တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အခြေအနေကို ဆင်ခြင်သုံးသပ်ကြသောအခါ၊ ကျွန်ုပ်တို့သည် စိတ်ပျက်လျက်၊ ကျွန်ုပ်တို့၌ ဘာမျှမရှိပါဟု ခံစားခြင်းရှိကောင်းရှိနိုင်ကြသည်။ နေအောက်၌ ရှိသောအရာခပ်သိမ်းနှင့် ဝိညာဉ်ရေးရာနယ်ပယ်၌ရှိသော အရာခပ်သိမ်းသည်ပင် ကျွန်ုပ်တို့အဖို့ အနတ္တများ၏အနတ္တ ဖြစ်နေပုံပေါ်ပါသည်။ ကျွန်ုပ်တို့က ဘာမျှ စစ်မှန်ခြင်းမရှိပါ၊ အသင်းတော်အသက်တာ၌ပင်လျှင် စစ်မှန်ခြင်းမရှိပါဟု ခံစားကောင်း ခံစားနိုင်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့ ခံစားနေကြရပါက ကျွန်ုပ်တို့ ဘာလုပ်သင့်ပါသနည်း။ သုံးပါးတစ်ပါးဘုရားထံသို့ ကျွန်ုပ်တို့ လှည့်ပြန်သင့်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စစ်မှန်သောကောင်းချီးမင်္ဂလာနှင့် ဝေစုပင်ဖြစ်သည်။ ကောင်းချီးမင်္ဂလာအဖြစ် ကိုယ်တော့်ကို ရရှိရန်မှာ အဘယ်မျှလောက်သော ကောင်းချီးမင်္ဂလာဖြစ်ပါတကား။ ကိုယ်တော်၏ မျက်နှာတော်၊ ကိုယ်တော်၏မျက်မှောက်တော် ရှိရန်နှင့် ကျေးဇူးတော်အဖြစ် ကိုယ်တော့်ကို နေ့စဉ် မွေ့လျော်ဝမ်းမြောက်ရန် ဆိုသည်မှာ အဘယ်မျှလောက်သော ကောင်းချီးမင်္ဂလာဖြစ်ပါတကား။ ကျွန်ုပ်တို့ ဆင်းရဲဒုက္ခခံလေလေ၊ ကျေးဇူးတော်အဖြစ် ကိုယ်တော့်ကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်လေလေ ဖြစ်သည်။ ကိုယ်တော်၏ မျက်နှာထားသည် ကျွန်ုပ်တို့အပေါ် ပြုံးတော်မူခြင်း၊ စိတ်ချစေခြင်း၊ ခိုင်မာစေခြင်း ရှိရန်ဆိုသည်မှာ အဘယ်မျှလောက်သော ကောင်းချီးမင်္ဂလာဖြစ်ပါတကား။ ကိုယ်တော်၌၊ ကိုယ်တော်အားဖြင့်၊ ကိုယ်တော်နှင့်အတူ ငြိမ်သက်ခြင်းရှိရန် ဆိုသည်မှာ အဘယ်မျှလောက်သော ကောင်းချီးမင်္ဂလာဖြစ်ပါတကား။ ဤသည်မှာ ကျွန်ုပ်တို့၏ကောင်းချီးမင်္ဂလာ တည်းဟူသော သုံးပါးတစ်ပါးဘုရားပင် ဖြစ်သည်။ ခရစ်တော်၏ ကျေးဇူးတော်၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယသည် သင်တို့အားလုံးနှင့်အတူ ရှိပါစေသော။''–** *Life-study of Numbers,* p.83.

*© 2022 Living Stream Ministry*